နာဂစ်သင့်ဒေသ ကျောင်းများ ဆောက်လုပ်ရေး သဘောကွဲလွဲ

သတင်းရင်းမြစ် >
ဗုဒ္ဓဟူးနေ့၊ ဧပြီလ ၂၉ ရက် ၂၀၀၉ ခုနှစ် ၂၀ နာရီ ၁၆ မိနစ်

ချင်းမိုင် (မဇ္ဈိမ) ။ ။ ဆိုင်ကလုံး နာဂစ်ဒဏ်သင့် ဒေသများတွင် စာသင်ကျောင်းများ ပြန်လည် တည်ဆောက်ခွင့် ပြုရေးအပေါ် ဆောက်လုပ်ရေး ကုမ္ပဏီများနှင့် အမှတ် ၁ အခြေခံပညာဦးစီးဌာန အရာရှိများအကြား သဘောထားကွဲလွဲမှု ဖြစ်ပေါ်လျက် ရှိသည်။

ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသတွင် ပြန်လည် ထူထောင်ရေးအတွက် ကွပ်ကဲရေးဝန်ကြီးများက ကုမ္ပဏီ ၄၀ ကို စာသင်ကျောင်းပေါင်း ၆၈၀ ကို ပြန်လည် တည်ဆောက်ခွင့် ခွဲတမ်း သတ်မှတ်ပေးထားသည့်အပေါ် အခြေခံပညာ အရာရှိများက လက်မခံဘဲ ခွဲတမ်းအသစ် ပြန်လည် ချထားမှုကြောင့် ဆောက်လုပ်ရေး လုပ်ငန်းများ စတင်ရန် ကုမ္ပဏီများနှင့် သဘောတူလက်မှတ် မရေးထိုးနိုင်သေးဘဲ ရှိနေသည်။

"အခြေခံပညာ ဦးစီးဌာနက ကျောင်းဆောက်လုပ်ရေးတွေမှာ သူတို့ဘာသာ စီမံခန့်ခွဲမှု လုပ်ချင်တယ်။ ဒါကြောင့် နာဂစ် ဝန်ကြီးတွေဆီက လာတဲ့ စာရင်းကို သူတို့ စိတ်ကြိုက် ပြန်ပြင်ကြတယ်" ဟု ဆောက်လုပ်ရေး ကုမ္ပဏီတခုမှ မန်နေဂျာတဦးက မဇ္ဈိမကို ပြောသည်။

စုစုပေါင်း တန်ဖိုးငွေ ကျပ်သန်းပေါင်း ၁၂၀၀၀ ကျော်ရှိ စာသင်ကျောင်းများ ဆောက်လုပ်ခွင့် ရရေးအတွက် လုပ်ငန်းရှင်များက သက်ဆိုင်ရာ အာဏာပိုင်များကို လာဘ်ထိုးမှုများ ရှိနေသည်ဟု အပြန်အလှန် စွပ်စွဲပြောဆိုမှုများလည်း ရှိနေသည်။

ပြီးခဲ့သည့်နှစ် မေလ ၂ ရက်နေ့နှင့် ၃ ရက်နေ့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၈၄၅၃၇ ဦး သေဆုံးပြီး၊ ပျောက်ဆုံးသူ ၅၃၈၃၆ ဦး ရှိခဲ့သည်။ မုန်တိုင်းဒဏ် အဆိုးရွားဆုံး ခံခဲ့ရသော မြို့နယ် ၃၀ တွင် ဘုန်းတော်ကြီး စာသင်ကျောင်းများ အပါအဝင် အများပြည်သူပိုင် ကျောင်းများ၏ ၅၀ မှ ၆၀ ရာခိုင်နှုန်းအထိ ပျက်စီးသွားခဲ့သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားကြသည်ဟု ပူးပေါင်း အကဲဖြတ် လေ့လာရေး အစီရင်ခံစာတွင် ပါရှိသည်။

အမှတ် ၁ အခြေခံပညာ ဦးစီးဌာနနှင့် ဆောက်လုပ်ရေး ကုမ္ပဏီများသည် ယခုအချိန်အထိ သဘောတူညီမှု မရသေးသဖြင့် မိုးရာသီ ကျရောက်လာမည်ကို စိုးရိမ်မှုများ ရှိနေကြသည်။

ပြန်လည် ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်ဟု ဆိုကာ စစ်အစိုးရက ပုဂ္ဂလိက လုပ်ငန်းရှင်အချို့ကို ဒေသခွဲ ချမှတ်ပေးခဲ့သလို လုပ်ငန်းတိုးတက်မှုကို ကြီးကြပ်ရန် ဝန်ကြီးအချို့ကိုလည်း တာဝန်ပေးခဲ့သည်။